Myanmar Garment Manufacturers Association

# NEWSLETTER

**NOVEMBER 2024, ISSUE**




## AFTEX's 50th Plenary Session

The Federation of ASEAN of Textile Industries (AFTEX) မှကြီးမှူးကျင်းပသည့် AFTEX's 50th Plenary Session သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် တို့ တက်ရောက်ခဲ့ကြသည်။ Plenary Session အား နိုဝင်ဘာလ ၁၅ ရက် တွင် စင်ကာပူနိုင်ငံရှိ Park Royal Collection Marina Bay, Singapore ရှိ Clover 4 & 5 ၌ပြုလုပ်ခဲ့သည်။

စာ - ၂ သို့ >>>>>>>>>>




## 2024 Myanmar International Textile and Machinery Fair စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနား

2024 Myanmar International Textile and Machinery Fair သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် က UAB Tower 2, Times City ရှိ China Enterprises Chamber of Commerce in Myanmar (CECCM) ရုံးခန်းတွင် ပြုလုပ်ခဲ့သည်။

စာ - ၅ သို့ >>>>>>>>>>>

# မာတိကာ

## Activities and News

**Page**


AFTEX's 50th Plenary Session ........................................................ ၂-၃

Asia-Pacific Textile and Apparel Supply Chain Expo and Summit 2024 (APTEXPO) သို့ MGMA မှ အလုပ်အမှုဆောင်များတက်ရောက် ........................................................ ၄-၅

2024 Myanmar International Textile and Machinery Fair စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနား .......... ၆

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................................ ၇

MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ............. ၈

Garment HR Management and Occupational Safety & Health Management System (OSH) သင်တန်း အမှတ်စဉ် - ၄ ........................................................ ၉-၁၀

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၄၆) ........................................................ ၁၁-၁၂

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း ......... ၁၃

တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၉) ........................................................ ၁၄-၁၅

စက်နှင့်ပိတ် ချိန်ညှိခြင်း တစ်ရက်တာသင်တန်း (Sewing Machine Adjusting and Tuning Technique Training) ........................................................ ၁၆


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | 2024 Myanmar International Textile and Machinery Fair | December 6-7-8 | Yangon Convention Center (YCC) |

## Membership Update


New Member in November 2024 ........................................................ ၁၇

Membership update as of November 2024 ........................................................ ၁၇

# AFTEX's 50th Plenary Session




The Federation of ASEAN of Textile Industries (AFTEX) မှကြီးမှူးကျင်းပသည့် AFTEX's 50th Plenary Session သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် တို့ တက်ရောက်ခဲ့ကြသည်။

Plenary Session အား နိုဝင်ဘာလ ၁၅ ရက် တွင် စင်ကာပူနိုင်ငံရှိ Park Royal Collection Marina Bay, Singapore ရှိ Clover 4 & 5 ၌ပြုလုပ်ခဲ့သည်။ AFTEX Emeritus Chairman မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး AFTEX Chairman မှ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် AFTEX အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှား၊ လာအို နှင့် အင်ဒိုနီးရှားတို့မှ ကိုယ်စားလှယ်ကြီးများမှ Plenary Session ဆိုင်ရာ ထုတ်ပြန်ချက်များကို နိုင်ငံအလိုက် အသီးသီး ရှင်းလင်းတင်ပြခဲ့သည်။

အစည်းအဝေးသို့ Vietnam Textile and Apparel Association (VITAS), Indonesia Textile Association (API), Association of the Lao Garment Industry (ALGI), Malaysian Textile Manufacturers Association (MTMA), Myanmar Garment Manufacturers Association (MGMA), Confederation of Garment Exporters of the Philippines (CONGEP), Singapore Textile and Fashion Federation (TAFF), The National Federation of Thai Textile Industries (NFTTI) တို့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။



# Asia-Pacific Textile and Apparel Supply Chain Expo and Summit 2024 (APTEXPO) သို့ MGMA မှ အလုပ်အမှုဆောင်များတက်ရောက်

စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်သည့် Asia-Pacific Textile and Apparel Supply Chain Expo and Summit 2024 (APTEXPO) သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ဥက္ကဋ္ဌ ဦးမြင့်စိုး၊ အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ ပြပွဲအား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်မှ ၁၅ ရက်ထိ Hall A, Level 1, Sands Expo and Convention Centre, Singapore ၌ ပြုလုပ်ခဲ့သည်။

MGMA ၏တာဝန်ရှိသူများသည် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီး VIP Exhibition Hall Tour သို့လိုက်ပါ ကြည့်ရှုခဲ့ကြသည်။ ထို့နောက် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် " Mutual Benefit and Win-Win: Re-Activation of the Asia-Pacific Production Capability Cooperation " ခေါင်းစဉ်ဖြင့် Panel Discussion တွင် ပါဝင်ဆွေးနွေးခဲ့သည်။ နိုဝင်ဘာလ ၁၄ ရက်တွင် MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် closed-door workshop and Industry update showcase များသို့ တက်ရောက်ခဲ့ကြသည်။

MGMA သည် Myanmar Pavilion အဖြစ် joint exhibitor များဖြစ်သော China Textile and Garment Association of Myanmar (CTGA), Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association(JGMA), Pathein Industrial Project (PIP) တို့နှင့်အတူပူးတွဲပြသခဲ့သည်။














MYANMAR GARMENT
INDUSTRIAL PROJECT


Myanmar Garment Manufacturers Association
MADE IN MYANMAR


Joint Exhibitors




Myanmar Garment Manufacturers Association
A Model of Pr
Discover Rewarding Sourcing Opportu
in Myanmar


Pathein Industrial Project

# 2024 Myanmar International Textile and Machinery Fair
# စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနား

2024 Myanmar International Textile and Machinery Fair သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် က UAB Tower 2, Times City ရှိ China Enterprises Chamber of Commerce in Myanmar (CECCM) ရုံးခန်းတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် CECCM ၏ အထွေထွေအတွင်းရေးမှူး  Mr.Xu Zheng Wei မှကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် CTGA ၏ ဥက္ကဋ္ဌ Mr.San Khun မှ 2024 Myanmar International Textile and Machinery Fair ကျင်းပပြုလုပ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး KOGAM ၏ PR Director Mr.Justin Jeon နှင့် HKMMA မှ Mr.Frankie Lau တို့မှ ပြပွဲတွင် ပါဝင်ရသည့် အကြောင်းအရင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြပွဲနှင့်ပတ်သက်သည့် တာဝန်ရှိလူကြီးမင်းများမှ သတင်းဌာန အသီးသီး၏ တာဝန်ရှိသူများမှ မေးမြန်းလာသော မေးခွန်းများအား ပြန်လည်ဖြေကြားပေးခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။ အခမ်းအနားသို့ MGMA ၏ အထွေထွေအတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ ပြည်အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ stakeholder များနှင့် သက်ဆိုင်ရာ သတင်းမီဒီယာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။










MEDIA PRESS CONFERENCE


MEDIA PRESS CONFERENCE
ZHEJIANG INTERNATIONAL TRADE
EXHIBITION MYANMAR
Event Organizers:






MEDIA PRESS CONFERENCE
ZHEJIANG INTERNATIONAL TRADE
EXHIBITION MYANMAR
Event Organizers:
CTGA

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ စင်ကာပူနိုင်ငံတွင် ပြုလုပ်မည့် APTEXPO တွင် ပါဝင်ပြသမည့် အစီအစဉ်များနှင့် AFTEX Meeting တက်ရောက်ရန် ကိစ္စရပ်များ၊ နိုဝင်ဘာလ ၂၈ ရက် နှင့် ၂၉ ရက်များတွင် နေပြည်တော်တွင်ပြုလုပ်မည့် စီးပွားပညာနှစ်တစ်ရာပြည့် အခမ်းအနား တွင် ပါဝင်ရန် ကိစ္စရပ်များ၊ Zhejiang International Made in Myanmar Garment Expo 2024 နှင့်ပတ်သက်သည့်ကြိုတင်ပြင်ဆင်နေမှုများ၊ MGMA နှင့် UFA Enterprise Co., Ltd. (ထိုင်ဝမ်အခြေစိုက်) တို့ပူးပေါင်း၍ အထည်ချုပ်လုပ်ငန်းများအတွက် CAD စနစ်နှင့် Standard IE လုပ်ငန်းစဉ်များအတွက် ဆွေးနွေးပွဲများ စီစဉ်နိုင်ရန် အဆိုပြုချက်၊ ၂၀၂၅ ခုနှစ်အတွက် Staff Retreat ဆိုင်ရာ ကိစ္စရပ်များ၊ 10 Year strategy (2025-2034) မြန်မာ၊ အင်္ဂလိပ် ထုတ်ဝေမှုဆိုင်ရာကိစ္စရပ်များ၊ MGMA ရုံးဌာနဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် တင်ပြချက်များကို ဆွေးနွေးခဲ့ကြသည်။

MGMA ၏ ဒု-ဥက္ကဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင် /အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။








# MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရှိ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် တွင် Signature Fine Dining and the Garden Bistro ၌ Japan Garment Manufacturers Association in Myanmar (JGMA) မှကြီးမှူးကာ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် အသင်း ၅ သင်းမှ လက်ရှိမြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း၏ လက်ရှိအခြေအနေများနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ လက်ရှိ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် မူဝါဒဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။တွေ့ဆုံပွဲသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association in Myanmar (JGMA), Chinese Textile & Garment Association in Myanmar (CTGA) နှင့် Hong Kong Myanmar Manufacturers' Association Limited (HKMMA) တို့မှ တာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။



# Garment HR Management and Occupational Safety & Health Management System (OSH) သင်တန်း အမှတ်စဉ် - ၄

Garment HR Management and Occupational Safety & Health Management System (OSH) သင်တန်း အမှတ်စဉ် - ၄ ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်မှ ၂၁ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း (MGHRDC) ၌ပြုလုပ်ခဲ့သည်။



**Batch – 4 Group Photo**

အဆိုပါသင်တန်းများသည် Employer’s Package ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး Employer’s Package ဆိုသည်မှာ အထည်ချုပ်လုပ်ငန်းများကဲ့သို့ labor intensive ဖြစ်သည့် လုပ်ငန်းများ၏လုပ်ငန်းရှင်များ၊ စီမံခန့်ခွဲရေးဝန်ထမ်းများအတွက် ဝန်ဆောင်မှုအစု (Service Package) ဖြစ်သည်။ Garment HR သင်တန်းအား နိုဝင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်များတွင်ပြုလုပ်ခဲ့ပြီး MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှ အထည်ချုပ်လုပ်ငန်းနှင့်ပတ်သက်သည့် HR Management နှင့်ပတ်သက်သည့် မူဝါဒများ၊ လုပ်ထုံး လုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ Audit နှင့်သက်ဆိုင်သည့် အကြောင်းအရာများ၊ လုပ်ငန်းစဉ်နှင့် မူဝါဒ ချမှတ် နည်းများကို အဖွဲ့လိုက်ဆွေးနွေးမှုများ၊ လှုပ်ရှားမှုများ နှင့် အမေးအဖြေကဏ္ဍများဖြင့် ရှင်းလင်းသင်ကြား ပေးခဲ့သည်။

OSH သင်တန်းအား နိုဝင်ဘာလ ၂၁ ရက်တွင် ပြုလုပ်ခဲ့ပြီး MGMA ၏ အလုပ်သမားရေးရာ အရာရှိများမှ BSCI – Performance Area 07, Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk



**EC of MGMA U Aung Myint giving closing remarks**



**U Min Soe Han presenting Garment HR**

Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။ သင်တန်းနောက်ဆုံးရက်တွင် MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်မြင့် မှ သင်တန်းပြီးဆုံးကြောင်း အပိတ်အမှာစကားပြောကြားခဲ့ပြီး သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသား (၁၇) ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ခဲ့သည်။




**Senior Labour Officer of MGMA presenting Garment HR**



**Junior Labor Officer of MGMA presenting OSH**



**Junior Labor Officer of MGMA presenting OSH**



**Awarding Certificates**





**Awarding Certificates**

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၄၆)



Batch – 246 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၄၆) ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်မှ ဒီဇင်ဘာလ ၆ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)မှ တွဲဖက်ပါမောက္ခ ဒေါ်ထွေးထွေးစိုး မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၃၁) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



Associate Professor of GTHS giving Closing Remarks



MGMA conducting Labor Law Awareness



Trainer of MGHRDC presenting Sewing Method



Trainer of MGHRDC presenting Sewing Method



Practice Session



Trainer of MGHRDC presenting Sewing Method



Practice Session



Awarding Certificates



Awarding Certificates



Practice Session

# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ “ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ “ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ National Skill Standard Authority (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်းကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နှင့် ၇ ရက် များတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အထည်ချုပ်စက်ရုံများမှ Operator Level ဝန်ထမ်း (၃၁) ယောက် အား ရေးဖြေအဖြစ် Multiple Choice မေးခွန်းများ နှင့် လက်တွေ့စစ်ဆေးမှုအဖြစ် စက် (၅) မျိုးဖြစ်သော Single Needle Lock Stitch Machine, Four Thread Overlock Machine, Button Hole Machine, Button Attached Machine, Bartack Machine တို့ကို လက်တွေ့အသုံးပြုပုံများကို အကဲဖြတ်စစ်ဆေးခဲ့သည်။














# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၉)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (သင်တန်းအမှတ်စဉ် - ၉) ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၆ ရက်ထိ၊ မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပုခုံးဒေါက်၊ အိတ်ကပ်၊ ဖေါက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ( သဘော်သားလျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါတဲ့ A Skirt တစ်ထည်လုံးချုပ်နည်းများကိုသင်ကြားပေးသွားမည့်အပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖောက်စက်အသုံးပြုနည်း၊ ကြယ်သီးတပ်စက်အသုံးပြုနည်း၊ Bartack Machine, Overlock 4 thread, Overlock 5 thread, 2 Needle များကိုသင်ကြားပေးခဲ့သည်။ လက်တွေ့လုပ်ဆောင်မှုများပါဝင်သည့်သင်တန်းသို့ သင်တန်းသား (၁၃) ဦးတက်ရောက်ခဲ့သည်။



**Batch – 9 Group Photo**



**Executive Committee of MGMA giving closing remarks**



**Manager of MGMA presenting advanced sewing method**





**Trainer of MGHRDC presenting advanced sewing method**





Practice Session





Practice Session





Awarding Certificates

## စက်နှင့်ပိတ် ချိန်ညှိခြင်း တစ်ရက်တာသင်တန်း (Sewing Machine Adjusting and Tuning Technique Training)

စက်နှင့်ပိတ် ချိန်ညှိခြင်း တစ်ရက်တာသင်တန်း (Sewing Machine Adjusting and Tuning Technique Training) ကို ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း (MGHRDC) ၌ပြုလုပ်ခဲ့သည်။ MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲခန့် နှင့် ဂျပန်နိုင်ငံ JUKI Corporation မှ ဆရာ Mr.Yoshitama တို့မှ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် ဂျပန်နိုင်ငံ JUKI Corporation မှ ဆရာ Mr.Yoshitama မှ စက်နှင့်ပိတ်ချိန်ညှိခြင်းဆိုင် အခြေခံသဘောတရားများကို လက်တွေ့လုပ်ဆောင်ခြင်းများဖြင့် သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းသို့ MGMA အဖွဲ့ဝင်စက်ရုံများမှ စက်ပြင်ဆရာများ၊ Supervisor များ၊ Leader များ ၁၉ ဦး တက်ရောက်ခဲ့ကြသည်။













# MEMBERSHIP UPDATE

New Members in November 2024

| Country | No. of New Member Factories |
|---|---|
| Myanmar | 1 |
| China | 1 |
| Total | 2 |

Membership Update as of November 2024

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 64 |
| | China | 325 |
| | Korea | 57 |
| | Japan | 17 |
| | Others | 16 |
| | Joint Venture | 24 |
| | Local, Sub-Con, Marketing, Inspection, Textile | 50 |
| Total (Active) | | 553 |
| Temporary Closed | | 50 |


Titan
Our Partner
Growatt
Deye
felicitysolar®
JinKO Solar
Building Your Trust in Solar
SOLAR NEST
BATTERY
YGN Contact No.
09 79724 6622
09 79724 6633
MDY Contact No.
09 765476963
09 797246363


Titan
Titan
Solar & MEP System
Myanmar
Our Partner
Growatt
powering tomorrow
Deye
felicitysolar®
Make life full of hope
JinKO Solar
Building Your Trust in Solar
SOLAR NEST
BATTERY
YGN Contact No.
09 79724 6622
09 79724 6633
MDY Contact No.
09 765476963
09 797246363